Division of Human Rights | Department of Labor | Workers' Compensation Board

**သင် ကိုယ်ဝန်ရှိနေပါသလား (သို့မဟုတ်) နို့တိုက်ကျွေးနေပါသလား**

**လုပ်ငန်းခွင် အတွင်း သင်၏ အခွင့်အရေးများအားသိရှိရန်**

နယူးယောက် ပြည်နယ်၏ ဥပဒေ (New York State Law) ကိုချိုးဖောက် ၍ လုပ်ငန်းခွင်အတွင်း ကိုယ်ဝန်ဆောင် ခွဲခြားဆက်ဆံမှု

**ကိုယ်ဝန်ဆောင်စဉ်ကာလအလုပ်လုပ်ခြင်း**

ကိုယ်ဝန်ဆောင် ဝန်ထမ်းအားအလုပ်မှထုတ်ပယ် လျှင် [1] (သို့မဟုတ်) ကိုယ်ဝန်ရှိလာနိုင်သည့် (သို့မဟုတ်) ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်း (သို့မဟုတ်) မွေးဖွားခြင်းနှင့် ပတ်သက်ဆက်နွယ်သော အခြေအနေများ [2] နှင့် အလုပ်အကိုင်များ၏ သတ်မှတ်ချက်များ, အခြေအနေများနှင့်အခွင့်ထူးခံ သတ်မှတ်ချက်များအား ပြောင်းလဲသတ်မှတ်လျှင် ထိုအလုပ်ရှင်သည် တရားဥပဒေနှင့်မညီညွတ်ပါ။

ကိုယ်ဝန်ဆောင် ဝန်ထမ်းအခွင့်အရေးများအား ကျိုးကြောင်းဆီလျော်စွာနေရာချထားရေး၊ ကိုယ်ဝန်ဆောင်နှင့် ပတ်သက်သမျှ မည်သည့်အခြေအနေတိုင်းမဆို ဇန်နဝါရီလ ၂၀၁၆ နယူးယောက် ပြည်နယ်၏ ဥပဒေ အရ အတိအလင်း ကိုအာမခံချက်ပေးထားခြင်းများတွင် အောက်ပါအချက်များပါဝင်သည်။

- မကြာခဏ အနားပေးခြင်းများနှင့် ရေသောက်စေခြင်း
- အလုပ်ချိန်များအား ပြန်လည်ပြင်ဆင်သတ်မှတ်ခြင်း
- ကျန်းမာရေးမတွက်လိုအပ်ပါက ဆေးခွင့်များ ပေးခြင်း
- သက်တောင့်သက်သာ ဖြစ်စေသော တာဝန်များသာပေးခြင်း
- အန္တရာယ်ဖြစ်စေနိုင်သောတာဝန်မှ လွှဲပြောင်းပေးခြင်း

ကိုယ်ဝန်ဆောင်ဖြစ်သောကြောင့် အလုပ်ရှင်သည် သင့်အား ခွင့်ပေးပိုင်ခွင့်မရှိပါ။

သင်သည် ကိုယ်ဝန်အခြေအနေနှင့်ပတ်သက်၍ ဆေးခွင့် (သို့မဟုတ်) ကလေးမွေးဖွားခြင်းကြောင့် ခွင့် ယူခဲ့လျှင် သင့်အလုပ်ရှင်သည် အလုပ်သမားတိုင်းအတွက် ပေးထားသော ဆေးခွင့်အချိန် ကာလတစ်လျှောက်လုံး သင့်အလုပ်တာဝန်များအား ထိန်းထားရမည်။

နယူးယောက် ပြည်နယ် လစာမပျက် မိသားစုခွင့် (Federal Family and Medical Leave Act) ၊ နယူးယောက် ပြည်နယ်ကျန်းမာရေးချို့တဲ့သူများ၏အကျိုးခံစားခွင့်ဥပဒေ (New York State Disability Benefits Law) နှင့် ပြည်နယ်အစိုးရ မိသားစုနှင့်ဆေးခွင့် ဥပဒေ (New York State Paid Family Leave Law)အရ သင်သည်အလုပ်ပြန်လည် လုပ်ကိုင်နိုင်မည့်အခွင့်အရေးရှိသည်။

---

[1] ဤရည်ရွယ်ချက်ကြောင့်, မည်သည့်အလုပ်ရှင်မဆို သူ (သို့) သူမ၏ အလုပ်အတွက် လေးယောက် (သို့မဟုတ်) လေးယောက်ထက်မက ထားရှိရန် နယူးယောက် ပြည်နယ် လူ့အခွင့်အရေးဆိုင်ရာ ဥပဒေသည် အလုပ်ရှင်အတွက် သတ်မှတ်ထားခြင်းဖြစ်သည်။

[2] ကိုယ်ဝန်ပျက်ကျခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းနှင့် နို့တိုက်ကျွေးစဉ်ကာလအပါအဝင် ဓာတ်ခွဲခန်းဖေါ်ထုတ် စစ်ဆေးခြင်းနည်းစနစ် (သို့မဟုတ်) ဆေးပညာပိုင်းအရ လက်တွေ့ လက်ခံကျင့်သုံးဖော်ပြ၍ သာမာန် ခန္ဓာကိုယ် လှုပ်ရှားမှုများ၏ဖြစ်စဉ်ကိုတားဆီးသည့် ကိုယ်ဝန်ဆောင်ခြင်း (သို့မဟုတ်) ကလေးမွေးဖွားခြင်း ဆိုင်ရာ ကျန်းမာရေး နှင့်ပတ်သက်သမျှအရာတိုင်းအတွက် အဆိုပါ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေ (Human Rights Law) သည် ကာကွယ် ရန် အတွက်ဖြစ်သည်။

## နို့တိုက်ကျွေးနေစဉ်ကာလအလုပ်လုပ် ခြင်း

နယူးယောက် ပြည်နယ်၏ ဥပဒေအရ သင့်အား နို့တိုက်ကျွေးနေသောကြောင့် ခွဲခြားဆက်ဆံလျှင် တရားဥပဒေအရတရားမဝင်ပါ။ နို့တိုက်ကျွေး မိခင်တိုင်းသည် အလုပ်ခွင်အတွင်း နို့ညှစ်နိုင်အောင် အနားယူရန်အချိန် အဖြစ် အာမခံချက်ရှိရမည်။

- ကျိုးကြောင်းဆီလျှော်စွာ လစာမဲ့အနားယူနိုင်ခြင်း (သို့မဟုတ်)လစာမပြတ်အနားယူခြင်း (သို့မဟုတ်) ထမင်းစားချိန် အဖြစ် ကလေးမွေးဖွားပြီး သုံးနှစ်ကျော်ကာလအထိ သင်သည် နေ့စဉ် ရရှိရမည်၊ ထိုမှသာ သင်သည် နို့ရည်အားအလုပ်ချိန်အတွင်း စုဆောင်းရယူနိုင်မည်ဖြစ်သည်။
- သင့်အလုပ်ရှင်သည် သင ၏အလုပ်နေရာနှင့်အနီးဆပ်ဆုံးသော အလုပ်နေရာတွင်း သင့်တော်မည့် နို့ရည်တိုက်ကျွေးနိုင်သောသီးသန့် အခန်းတစ်ခန်းအား ကြိုးစားအားထုတ်၍ စီစဉ်ပေးထားရမည်။
- အလုပ်ချိန်တွင် သင့်ဆုံးဖြတ်ချက် အပေါ်အခြေခံ၍ နို့ရည်တိုက်ရန် သင့်အား အလုပ်ရှင်သည် ဆန့်ကျင် မှုမပြုလုပ်စေရပါ။

## လစာမပျက်မိသားစုခွင့်ရယူခြင်း

Governor Cuomo သည် ၂၀၁၆ တွင် တိုင်းပြည် ဥပဒေ၏ ထိရောက်မှုနှင့် ပြည့်စုံမှု အရှိဆုံး သောမိသားစုလစာမပျက်ခွင့် မူဝါဒအား စိုင်းထိုးခဲ့သည်။
အလုပ်လုပ်ကိုင်နေသောမိသားစုများသည် သူတို့ချစ်ရသောသူများအရေးနှင့် ၎င်းတို့၏စီးပွားရေးအကြား လုံခြုံရေးအရ စွန့်စားခြင်းမျိုးများ မဖြစ်စေရတော့ပါ။
နယူးယောက် ပြည်နယ်အတွင်း ပုဂ္ဂလိက အလုပ်ရှင်များ အတွက် အလုပ်လုပ်ကိုင်နေသော ဝန်ထမ်းတိုင်း လစာမပျက်မိသားစုခွင့်အား ယူခွင့်ရှိသည်။ သင်သည် အများပြည်သူပိုင် အလုပ်သမားဖြစ်ပါက သင့်အလုပ်ရှင်သည် လစာမပျက် မိသားစုခွင့်အား ရွေးချယ် ကမ်းလှမ်း ပေးပိုင်ခွင့်ရှိသည်။

နယူးယောက် မိသားစုလစာမပျက်ခွင့် အလုပ်အကိုင် ကာကွယ်ရေးဆိုင်ရာအတွက် သင့်ရပိုင်ခွင့်သည်

- ကလေးမွေးဖွားပြီး၊ မွေးစားပြီး (သို့) မွေးစားခံကလေးအတွက်**အချိန်ပေးခြင်း**
- ဆွေမျိုးများအတွက် ကျန်းမာရေး**စောင့်ရှောက်ခြင်းများ**
- စစ်တပ်တွင်တာဝန်ထမ်းဆောင်ရန် သွားရောက်ရသော မိမိချစ်သောမိသားစုဝင်အား **ကူညီဆောင်ရွက်ပေးခြင်း**

သင်ခွင့်ရနေစဉ်အတွင်းနှင့်ခွင့်ပြီးဆုံးသည်အထိကျန်းမာရေးအာမခံစောင့်ရှောက်ရေးအတူတူဖြစ်စေရန်အာမခံချက် ပေးထားသည်။သင်သည်သင်၏ကျန်းမာရေးအာမခံ၏ကုန်ကျစရိတ်အားပေးဆောင်ရလျှင် မိသားစုခွင့်အတွင်း ပရီမီယံကုန်ကျစရိတ်၏ အချိုးကျသင့်အားဆက်လက် ပေးဆောင်သွားရမည်ဖြစ်သည်မိသားစုလစာမပျက်ခွင့် (သို့မဟုတ်) ကိုယ်ဝန်နှင့်ကလေးမွေးဖွား-ဆိုင်ရာ ရေတို နာမကျန်းဖြစ်ချိန်အတွင်း သင့်ရဲ့အလုပ်ရှင် သည် သင့်ခွင့်တောင်းရာတွင် ခွဲခြား၍ လည်းကောင်းဆန့်ကျင်၍သော်လည်းကောင်းမပြုလုပ်ရပါ။

New York State of Opportunity | Division of Human Rights | Department of Labor | Workers' Compensation Board

သတင်းအချက်များအားသိရှိလိုပါက ny.gov/pregnancyrights သို့သွားရောက်လေ့လာနိုင်သည် (သို့မဟုတ်) ၈၀၃၃၆ သို့ “PREGNANT” ဟု စာရိုက်ပြီးပေးပို့နိုင်ပါသည်။

သင်သည် ကိုယ်ဝန် (သို့) ကလေးမွေးဖွားခြင်းနှင့်ပတ်သက်သောကျန်းမာရေးတဆိုင်ရာရပိုင်ခွင့် အခွင့်အရေးများမရရှိသည်ဟုထင်ပါက သင်သည် နယူးယောက် ပြည်နယ် လူ့အခွင့်အရေးဆိုင်ရာ ဌာနခွဲသို့ တိုင်ကြားစာပေးပို့နိုင်ပါသည်။ : dhr.ny.gov သို့ သွားရောက်ကြည့်ရှု့သည့်အပြင် ဖုန်းနံပါတ် ၁-၈၈၈-၃၉၂-၃၆၄၄ သို့ဆက်နိုင်ပါသည်။